အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ) အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇွန်လ (၁၈)ရက်။
၁၃၇၀ ခုနှစ်၊ နယုန်လပြည့်။

## အထူးကြေညာချက်အမှတ် – ၁၄/၀၆/၀၈

မြန်မာနိုင်ငံသမိုင်းတွင် မကြုံစဖူး အလွန်ပြင်းထန်သော နာဂစ်မုန်တိုင်းကြီး ၂၀၀၈ ခုနှစ် မေလ (၂)နှင့် (၃)ရက်နေ့တို့တွင် တိုက်ခိုက်ခဲ့သောကြောင့် အထူးသဖြင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် လူသိန်းချီ၍ သေဆုံးခြင်း၊ မြောက်မြားစွာ ပျောက်ဆုံးခြင်း အိုးမဲ့ အိမ်မဲ့ ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းတို့ များစွာဖြစ်ပေါ်ခဲ့ပါသည်။

ဧရာဝတီတိုင်းသည် မြန်မာပြည်၏ စပါးကျီဖြစ်ပါသည်။ ယင်းတိုင်းတွင် လယ်ယာကဏ္ဍ (၄)ရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်ခဲ့ရပြီး မြန်မာ့လယ်ယာ ကဏ္ဍ၏ (၂၀)ရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကျွမ်းကျင်သူပညာရှင်များက သုံးသပ်ကြပါသည်။ လယ်ယာလုပ်ငန်းအတွက် ကျွဲ၊ နွားအများအပြားလည်း သေဆုံးခဲ့ကြရပါသည်။ ထို့အပြင် ရေလုပ်ငန်း၊ ဆားလုပ်ငန်းများလည်း ပျက်စီးဆုံးရှုံးခဲ့ကြပြီး နေအိမ်များ၊ ဆေးရုံ၊ စာသင်ကျောင်း၊ လမ်း၊ တံတားစသည့် တိုင်းပြည်၏အခြေခံအဆောက်အအုံများ (infrastructures)လည်း ပျက်စီးခဲ့ကြရပါသည်။ တစ်ဖန် အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့ကြသော ပြည်သူလူထုနှင့် မိဘမဲ့ကလေးများ၏ အသက်ရှင်သန်နိုင်ရေး၊ ဘဝလုံခြုံမှုရှိရေး၊ စိတ်ဓါတ်မြှင့်တင်ရေးတို့အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လုပ်ငန်းများကိုလည်းပြန်လည်ပြုစု ပျိုးထောင်ပေးကြရပါသည်။

ယခုကဲ့သို့ မုန်တိုင်းဒဏ်သင့် ပြည်သူလူထု၏ အလွန့်အလွန်ကြီးမားလှသော ရုပ်ပိုင်းဆိုင်ရာများ ပျက်စီးဆုံးရှုံးခဲ့ကြပြီး၊ စိတ်ပိုင်းဆိုင်ရာများသည် ထိခိုက်နေကြသောကြောင့် ကျွမ်းကျင်သော နိုင်ငံတကာအကူအညီများ များစွာ အမြန်အထူးတလည်လိုအပ်နေပါသည်။ ယင်းတို့ကို ဖြည့်ဆည်း ပံ့ပိုး အကူအညီပေးနိုင်ရန်၊ တစ်ဦးတည်း တစ်ဖွဲ့တည်း တစ်နိုင်ငံတည်းက မည်သို့မျှ(မည်သို့မျှ) ဖြည့်ဆည်းဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ငွေကြေးအရင်းအနှီးများလည်း များစွာလိုအပ်နေသောကြောင့် မိမိတိုင်းပြည် အလွန်ကျရောက်နေပြီး လူနေမှုအဆင့်အတန်းများလည်း များစွာနိမ့်ကျ နေပါသည်။ ထို့ကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျွမ်းကျင်၍ အတွေ့အကြုံရှိပြီးသည့် လူအင်အား၊ ငွေကြေးအင်အား၊ စက်ပစ္စည်းကိရိယာအင်အား သဘာဝဘေးဒဏ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီးသည့် ကျွမ်းကျင်သော ပညာရှင်များ၏ အင်အားတို့ဖြင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြရန် အထူးတလည်လိုအပ်နေပါသည်။

မိမိတို့တိုင်းပြည်တွင် တန်ဖိုးအားဖြင့် ကျပ်ကုဋေပေါင်းများစွာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကြောင့် တိုင်းပြည်၏ ဝင်ငွေ၊ ရင်းနှီး မြုပ်နှံမှု၊ အလုပ်အကိုင်၊ အခွန်တော်ရငွေနှင့် ငွေကြေးလည်ပတ်မှုစသော စီးပွားရေးနယ်ပယ်တစ်ခုလုံးကို ဆိုးကျိုးသက်ရောက်နေပြီ ဖြစ်ပါသည်။ ယနေ့ဆိုလျှင် ငွေကြေးဖေါင်းပွမှု အဆမတန်မြင့်မားနေပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းများလည်း အလွန်အမင်း မြင့်တက်နေပါပြီဖြစ်ပါသည်။ ယင်းအကျပ်အတည်းကိစ္စများသည် နိုင်ငံရေးနှင့် ဆက်စပ်နေသောကြောင့် မည်သည့်နိုင်ငံတွင်မဆို နိုင်ငံရေးကိစ္စကို ချန်လှပ်ပြီး အဖြေရှာ၍ ရမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် မည်သည့်နိုင်ငံတွင်မဆို ပဓါန အဓိကကျသည့်အချက်မှာ နိုင်ငံရေးစနစ်ပင်ဖြစ်ပေသည်။

တိုင်းပြည်တွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး လူမှုရေးစသည့်အနိဋ္ဌာရုံများ ယခုကဲ့သို့ ကျရောက်နေချိန်ဖြစ်သဖြင့် ဤအမျိုးသားရေး အကျပ်အတည်း (national crisis)နှင့် တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် တိုက်ရိုက်

အချိုးကျလျက်ရှိပါသည်။ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်"ကို ပြည်လုံးကျွတ်ဆန္ဒယူပွဲ ဥပဒေနှင့် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မဟုတ်သောကြောင့် မဲဆန္ဒရှင် ပြည်သူလူထုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝ လက်မခံနိုင်ပါ။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အကြံပြုလိုသည်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသော နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီ အင်အားစုများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပြန်လည်တည်ဆောက်ကြကာ နိုင်ငံရေးအဖြေရှာကြရမည် ဖြစ်ပါသည်။

ဤသို့ အဖြေရှာရန် အကောင်းဆုံးနည်းလမ်းမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီ (ယခင်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့)က ပြဋ္ဌာန်းခဲ့သော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ"မှာ ယနေ့တိုင် တရားဝင်လျက်ရှိနေပြီး၊ ယင်းဥပဒေအရ မဲဆန္ဒရှင် ပြည်သူလူထုက တစ်ခဲနက်ထောက်ခံထားသည့် တရားဝင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိနေကြသောကြောင့် ဤအမျိုးသားရေး အကျပ်အတည်းကြီးကို ထိရောက်စွာ ဝိုင်းဝန်းကူညီ ဖြေရှင်းနိုင်ရန် ယင်းဥပဒေပုဒ်မ – ၃အရ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လေးနက်စွာ ထပ်မံတောင်းဆိုလိုက်သည်။

၁၆–၆–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏<br>အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရန်ကုန်မြို့။